# အသိပေးကြေညာချက်

၁။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များ သက်တမ်း ကုန်ဆုံးသွားပါက သက်တမ်းတိုး လျှောက်ထားခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ၌ ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာများနှင့် လူမှုကွန်ရက် စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဖော်ပြချက်များမှာ သတင်းမှားများသာဖြစ်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

၂။ ဂျီနီဗာမြို့၊ မြန်မာသံရုံးအနေဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိ အလုပ်လုပ်ကိုင်/ နေထိုင်နေသည့် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပေးခြင်းလုပ်ငန်းများ အပါအဝင် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များကို သံရုံး၌ **ပုံမှန်အတိုင်း** လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

၃။ မြန်မာသံရုံး၊ ဂျီနီဗာမြို့၌ သာမန်မြန်မာနိုင်ငံကူးလက်မှတ် အမျိုးအစား (၇) မျိုး ဖြစ်သည့် PB (Business Passport) ၊ PT (Dependent Passport) ၊ PJ (Job Passport) ၊ PR (Religious Passport) ၊ PS (Seaman Passport) ၊ PE (Student Passport) နှင့် PV (Visit Passport) များ အားလုံးကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ သက်တမ်းတိုးပေးခြင်း၊ အသစ်ထုတ်ပေးခြင်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ ဂျီနီဗာမြို့၊**

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်။